Australian Government
Department of Home Affairs

AMEP
Adult Migrant English Program

# အရွယ်ရောက်ပြီးသော ရွှေ့ပြောင်းနေထိုင်သူ အင်္ဂလိပ်စာ အစီအစဉ်မှ ကလေးထိန်း ဂန်ဆောင်မှု

အရွယ်ရောက်ပြီးသော ရွှေ့ပြောင်းနေထိုင်သူ အင်္ဂလိပ်စာ အစီအစဉ် (AMEP) အတန်းများကို တက်ရောက်နိုင်ရန်အတွက် ကလေးထိန်း ဂန်ဆောင်မှု သင် လိုအပ်ပါသလား။ သင်သည် AMEP သင်တန်းတက်နေသောအခါ ကျောင်းနေသည့် အရွယ်ထက် ငယ်သော သင့်ကလေးများအတွက် အခမဲ့ ကလေးထိန်း ဂန်ဆောင်မှုကို ရရှိနိုင်ပါသည်။

သင်၏ AMEP သင်တန်း ဂန်ဆောင်မှုပေးသူသည် သင့်အိမ်မှ သို့မဟုတ် AMEP သင်တန်းမှ မိနစ် 30 ကြာ အကွာအဝေးတွင်ရှိသော ကလေးထိန်းဌာနကို စီစဉ်ပေးရန် ကြိုးစားပါလိမ့်မည်။ ထိုဂန်ဆောင်မှုသည် အမြဲတမ်း ဖြစ်ချင်မှ ဖြစ်နိုင်ပေလိမ့်မည်။ AMEP ဂန်ဆောင်မှုပေးသူသည် သင့်အတွက် အနီးစပ်ဆုံး ကလေးထိန်း ဌာနကို အတတ်နိုင်ဆုံး ကြိုးစား ရှာဖွေပေးလိမ့်မည်။

သင်၏ AMEP သင်တန်းအစနှင့် တစ်ထပ်တည်းကျသည့် ကလေးထိန်း ဂန်ဆောင်မှုကို AMEP ဂန်ဆောင်မှုပေးသူက စီစဉ်ပေးလိမ့်မည်။ သင် သင်တန်းတက်နေသော ရက်များအတွက် နေ့ကလေးထိန်း ဂန်ဆောင်မှုရရှိနိုင်ရန်လည်း ၎င်းတို့က ကြိုးစားပေးလိမ့်မည်။ နေ့ကလေးဌာနတွင် ရရှိနိုင်သည့် လစ်လပ်နေရာများသည် ပုံမှန်အားဖြင့် နည်းပါးပြီး လိုအပ်ချက်ကြီးမားသောကြောင့် တစ်ခါတစ်ရံ ထိုသို့လုပ်ဆောင်ပေးရန် ဖြစ်ချင်မှ ဖြစ်နိုင်ပေလိမ့်မည်။ တစ်ခါတစ်ရံ နေရာလပ် ချက်ချင်း ရနိုင်မည်မဟုတ်ပေ သို့မဟုတ် ရက်အပို ကလေးထိန်းပေးခြင်းကို ရရှိရန် သင်စောင့်စားနေသည့်ကာလအတွင်း  သင့်အား အချိန်ပိုင်းအတွက် ကလေးထိန်းပေးရန် စီစဉ်ပေးနိုင်ဖွယ်ရှိမည်။

သင် AMEP အတန်းတစ်ခုကို တက်ရောက်နေစဉ်တွင်သာ အခမဲ့ ကလေးထိန်း ဂန်ဆောင်မှုကို ပေးအပ်သည်။ AMEP သင်တန်းပြင်ပ အချိန်များမှ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ချိန်တွင် ရရှိမည်မဟုတ်ပေ။ သင် AMEP အတန်းတစ်ခုကို တက်ရောက်မနေသောအခါ သို့မဟုတ် သင့် သင်တန်း ပြီးဆုံးသွားပါက ကလေးထိန်းခြင်းကို သင့်ဘာသာ စီစဉ်ရပေမည်။ သင့်ကလေး သို့မဟုတ် ကလေးများသည် ကလေးထိန်း ဌာနကို မည်သည့်အချိန်ကာလ အတိုင်းအတာ မဆို သွားရောက်မည် မဟုတ်ပါက သင်၏ AMEP ဂန်ဆောင်မှုပေးသူကို အသိပေးရန် အရေးကြီးပေသည်။ အကြောင်းမှာ သင့်ကလေးများအတွက် ကြိုတင် နေရာယူထားခြင်းရှိပါက ပြန်လည် ကိုက်ညီနိုင်ရန်ဖြစ်သည်။

သင်သည် AMEP အတန်းများစွာကို ပျက်ကွက်ခဲ့ပါက AMEP ဝန်ဆောင်မှုပေးသူသည် သင့်ကလေးအား ကလေးထိန်း ဝန်ဆောင်မှု နေရာချထားပေးခြင်းကို ဖျက်သိမ်းကောင်း ဖျက်သိမ်းနိုင်သည်။ သို့သော် သင် AMEP အတန်း ပြန်တက်လျှင် အခမဲ့ ကလေးထိန်း ဝန်ဆောင်မှုကို သင် ပြန်ရလိမ့်မည်။ သို့ရာတွင် ကလေးထိန်း ဝန်ဆောင်မှု နေရာချထားပေးခြင်း နောက်တစ်ကြိမ် ပြန်ရရန် သင် စောင့်ကောင်း စောင့်ရလိမ့်မည်။

သင်၏ ကလေးထိန်း ဝန်ဆောင်မှု လိုအပ်ချက်များကို အကဲဖြတ်ရာတွင် သင်၏ AMEP ဝန်ဆောင်မှုပေးသူသည် သင် အတတ်နိုင်ဆုံး စောနိုင်သမျှ စောစီးစွာ စတင် သင်ယူလေ့လာနိုင်ရန် ရွေးချယ်စရာ နည်းလမ်းများစွာကို ပြောပြကောင်း ပြောပြပေးလိမ့်မည်။ ဥပမာ၊ သင့်အား အောက်ပါ အရာများကို လုပ်ခိုင်းနိုင်ဖွယ်ရှိမည်။

- ကလေးထိန်းဌာန ပါရှိသော ရပ်ရွာအဖွဲ့အစည်း ဌာနတစ်ခုတွင် သင်ယူရန်
- သင်သွားလိုသည်ထက် ပိုဝေးဝေးခရီးသွားရန်
- ကလေးထိန်း နေရာတစ်ခု ရရှိသည်အထိ အိမ်တွင် လာရောက်သင်ကြားပေးသည့်ဆရာနှင့် သို့မဟုတ် အဝေးရောက်သင် သင်ယူရန်

ကလေးထိန်း အစီအစဉ်တစ်ခုသည် သင့်လိုအပ်ချက်များနှင့် မကိုက်ညီပါက သင်၏ AMEP ဝန်ဆောင်မှုပေးသူနှင့် ဆွေးနွေးသင့်ပါသည်။

ကလေးထိန်း ဝန်ဆောင်မှုနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက သင်၏ AMEP ဝန်ဆောင်မှုပေးသူနှင့် ကျေးဇူးပြု၍ ပြောဆိုပါ။